**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**
**Website:** chinland.org **Email:** cnf.headquarters@gmail.com

**ABSDF တည်ထောင်ခြင်း (၃၄) နှစ်ပြည့် အခမ်းအနားသို့ CNF မှ ပေးပို့သော ဂုဏ်ပြု သဝဏ်လွှာ**

ယနေ့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ (၀၁) ရက်နေ့သည် ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီးမှ သန္ဓေတည် ပေါက်ဖွားလာခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) တည်ထောင်ခြင်း (၃၄)နှစ်ပြည့် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။ ဤ နေ့ထူးနေ့မြတ် အခါသမယတွင် ခေါင်းဆောင်များ နှင့် အတူ ရဲဘော်ရဲမေများအားလုံး မာစေသာစေကြောင်း နှင့် တော်လှန်ရေးခရီးတွင် တိုင်းပြည်အတွက် အသက်စတေးခဲ့ကြသော ကျောင်းသား အာဇာနည်များကို လေးစားဂါရဝပြု ကြောင်းဖော်ပြလိုပါသည်။

ABSDF သည် (၃၄) နှစ်တိုင်တိုင် ခွပ်ဒေါင်း အလံကို မလှဲတမ်း ကိုင်စွဲကာ မိမိတို့ CNF နှင့်အတူ တလှေတည်းစီး၊ တခရီးတည်း လျှောက်လှမ်းလျက် တိုက်ပွဲဝင်လာခဲ့သည့် မဟာမိတ် လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည်။ တော်လှန်ရေး ခရီးတွင် တိုင်းရင်းသားလက်နက်ကိုင်မဟာမိတ် အဖွဲ့အစည်းများနှင့် အတူ အခက်အခဲပေါင်းများစွာကို ကျားကုတ် ကျားခဲ ရင်ဆိုင်ဖြတ်သန်းပြီး မဆုတ်မနစ်သော စိတ်ဓါတ်ဖြင့် ယနေ့တိုင် တိုက်ပွဲဝင်လာခဲ့သည့်အပေါ် မှတ်တမ်းတင် ဂုဏ်ပြုပါသည်။

တိုင်ရင်းသားလူမျိုးပေါင်းစုံ ပြည်သူလူထုတရပ်လုံး စစ်အာဏာရှင် စနစ်အောက်မှ လွတ်မြောက်ရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေး စသည့် နိုင်ငံရေး ဦးတည်ချက်လေးရပ်ဖြင့် တိုက်ပွဲဝင်ရာတွင် မိမိတို့ တိုင်းရင်းသားလက်နက်ကိုင်မဟာမိတ်အဖွဲ့အစည်းများနှင့်အတူ ရည်မှန်းချက်ရောက်ရှိသည်အထိ လက်တွဲတိုက်ပွဲဝင်ကြပါရန် ဤ နေ့ထူး အခါသမယတွင် ထပ်လောင်း နှိုးဆော်အပ်ပါသည်။

" ပြည်သူ့တော်လှန်ရေးမှ သည် ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု ဆီသို့ " ဟူသော နိုင်ငံရေး ရည်မှန်းချက်ဖြင့် ကျင်းပ ပြုလုပ်မည့် (၃၄) နှစ်ပြည့် ABSDF အဖွဲ့အစည်းတည်ထောင်ခြင်း အခမ်းအနားကြီး အနှစ်သာရ ပြည့်ဝစွာ ကျင်းပနိုင်စေကြောင်း ဆန္ဒပြုယင်း ဤ သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး
၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၀၁) ရက်နေ့

Chin National Front – General Headquarters, Chinland